# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 12 , 2023 Volume 68, Number 8


၁၂.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တက်ရောက် အမှာစကားပြောကြား

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Task Force) အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ (၂)၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် ကော်ဖီအဓိက တင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်းအပါအဝင် ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ရန် ကော်ဖီဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ကြီးကြပ်မှုကော်မတီ (၃) ခုကို ဖွဲ့စည်းထားမှု၊ နိုင်ငံအတွင်း ကော်ဖီကိုတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုး ကွင်းဆက်လုပ်ငန်းများ ဖွံ့ဖြိုးမှုရှိစေရေးအတွက် မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Myanmar Coffee Export Promotion Task Force)” ကို ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်၍ ကော်ဖီအဓိက စိုက်ပျိုးထွက်ရှိသည့် ရှမ်းပြည်နယ်တောင်ကြီးမြို့၊ ရှာင်မြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့များသို့ သွားရောက်ဆွေးနွေးခဲ့သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကော်ဖီစိုက်ပျိုးထွက်ရှိမှု၊ တိုးချဲ့စိုက်ပျိုးလာမှု၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေထုတ်ပေးနိုင်မှု၊ ကော်ဖီစိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်ရရှိနိုင်ရေးအပါအဝင် အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်မှုအခြေအနေ၊ ကော်ဖီသီးနှံများမှ ကော်ဖီကုန်ချောထုတ်လုပ်သည့် စက်ပစ္စည်း


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကိရိယာများကို ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စွာ တင်သွင်းခွင့်ရရှိနိုင်ရေးနှင့် မြေယာသုံးစွဲမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ တနင်္သာရီတိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌနှင့် ပြင်ဦးလွင်၊ ရွာငံ၊ ဟိုပုံးဒေသများရှိ ကော်ဖီအစုအဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80% AC%E1%80% 80% E1%80

## ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ကြက်သွန်ဈေးနှုန်း ပြန်လည်ကျဆင်းပြီး တစ်ပိဿာ ကျပ် ၁၈၀၀ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဇူလိုင် ဒုတိယပတ်တွင် ကြက်သွန်ဈေးကျဆင်းလာပြီး အမြင့်ဆုံးတစ်ပိဿာ ကျပ် ၁၈၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။ ဇူလိုင်လပထမပတ်အထိ တစ်ပိဿာအမြင့်ဆုံး ကျပ် ၂၀၀၀ နှင့်အထက် ပေါက်ဈေးရှိရာမှ ဝယ်လက်နည်းပါးသည့်အတွက် ဈေးနှုန်းပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၃၀၀၀၀ ကျော်ဝင်ရောက်သည့် ဇူလိုင် ၁၁ ရက်တွင် ဂျုန်သေးတစ်ပိဿာ ကျပ် ၁၀၀၀-၁၃၀၀၊ ဂျုန်လတ်တစ်ပိဿာ ၁၄၀၀-၁၅၀၀ ကျပ်နှင့် ဂျုန်ကြီးတစ်ပိဿာ ၁၆၀၀-၁၈၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။ "ဈေးပြန်ကျတယ်။ တစ်ရက် ၅၀ ကျ ၁၀၀ ကျနဲ့ အတော်ပြန်ကျသွားတယ်။ ကျဈေးမှာတော့ ဝယ်လက်က အဝယ်မနည်းဘူး။ လက်ရှိပေါက်ဈေးအတိုင်း ရောင်းနိုင်ရင်တော့ ဝယ်လက်ရှိတယ်။ ဒီနှစ်က ပစ္စည်းကောင်းရှားတယ်။ ဈေးနှုန်းအရတော့ အကျများတဲ့ဖက်တော့ မရောက်သေးဘူး" ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ကြက်သွန်နီဈေးကွက်စတင်ချိန် ဖေဖော်ဝါရီလတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့ပြီး သင်္ကြန်ကာလပြီးနောက်တွင် ဝယ်လက်များပြားလာသည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/250702https://news-eleven.com/article/250702

## Moscow Export Center မှ မိတ်ဖက်နိုင်ငံ (၃) နိုင်ငံသို့ စီးပွားရေးနယ်မြေချဲ့ထွင်ရေး အစီအစဉ်အသစ်တွင် ထိုင်းပါဝင်

မော်စကိုစီးပွားရေးအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များသည် ချစ်ကြည်ရင်းနှီးသောနိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်း Moscow Export Center (MEC) မှ မိတ်ဖက်နိုင်ငံ (၃) နိုင်ငံထပ်တိုး၍ စီးပွားရေးလုပ်ငန်းချဲ့ထွင် ဆောင်ရွက်သွားမည့် အစီအစဉ်ဆောင်ရွက်နေပါကြောင်း မြို့တော်၏စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မော်စကိုစီးပွားရေးအသိုင်းအဝိုင်းမှ သံတမန်များသည် မိတ်ဖက်နိုင်ငံများရှိ လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအပေါ် မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ပထမဦးစွာ စီးပွားရေးကိုယ်စားလှယ်များသည် အိန္ဒိယ၊ အီဂျစ်နှင့် ထိုင်းနိုင်ငံတို့တွင် စတင်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင်လည်း Moscow Export Center အနေဖြင့် ထပ်တိုး (၃) နိုင်ငံအား ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မော်စကို၏ ဒုတိယမြို့တော်ဝန်ဖြစ်သူ Mrs. Natalya Sergunina မှ မြို့တော်၏ စီးပွားရေးအသိုင်းအဝိုင်းမှ သံတမန်များအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် သင့်လျော်သည့် လက်တွဲဆောင်ရွက်မည့်သူရှာဖွေနိုင်ရေး၊ ကုန်ပစ္စည်းဖြန့်ဖြူးသူများနှင့်အတူတကွ လက်တွဲဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်အတွင်း လက်လီလက္ကားရောင်းချနိုင်ရေးစသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ကူညီသွားရန် အထူးမှာကြားခဲ့သည်။ ထို့အပြင် မော်စကိုမြို့သည် အရည်အသွေးမြင့်ထုတ်ကုန်များနှင့်

နည်းပညာများ ထုတ်လုပ်ဖြန့်ဖြူးပေးသည့်မြို့တစ်မြို့အဖြစ် ပုံရိပ်ထင်ကျန်နေစေရေး ဆောင်ရွက်ကြရန် အလေးပေး ပြောကြားခဲ့သည်။

စီးပွားရေးအသိုင်းအဝိုင်းမှ သံတမန်များအနေဖြင့် ကုန်ပစ္စည်းဝယ်ယူသူနှင့် မိတ်ဖက်ဆောင်ရွက်သူတို့အကြား လိုအပ်သည့် မျက်နှာစုံညီညှိနှိုင်းဆောင်ရွက်မှုများ၊ နိုင်ငံအတွင်းရှိကုမ္ပဏီများတွင် ကိုယ်စားလှယ်ထားရှိပေးမှုများစသည့် နှစ်ဦးနှစ်ဘက် အကျိုးအမြတ်ရရှိစေရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်များနှင့်ကုန်ပစ္စည်း ထုတ်လုပ်သူများအကြား သက်ဆိုင်ရာနယ်မြေဒေသတစ်ခုခြင်းစီအလိုက် ကုန်ပစ္စည်းဝယ်လိုအားကို ရှာဖွေဖော်ဆောင်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်အသစ်အား ဖော်ဆောင်ပြီးနောက် နိုင်ငံတကာဈေးကွက်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မော်စကိုအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေးပိုမိုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး မိတ်ဖက် နိုင်ငံများအပေါ်လည်း လိုအပ်သည့်ထောက်ပံ့မှုများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ Moscow Export Center (MEC) သည် ပြည်ပသို့ ကုန်ပစ္စည်းဖြန့်ဖြူးသူများ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် နိုင်ငံခြားဈေးကွက်မြှင့်တင်ရေး နိုင်ငံတကာပြပွဲများ ကျင်းပပေးခြင်းအပါအဝင် ဝန်ဆောင်မှုအမျိုးပေါင်း (၃၀) ကျော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယမြို့တော်ဝန်မှ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြို့တော်၏ကုမ္ပဏီများသည် တစ်နှစ်တာအတွင်း လက်တင် အမေရိက၊ အာဖရိက၊ အာရှ၊ CIS နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသများရှိ နိုင်ငံပေါင်း (၂၆) နိုင်ငံမှ မိတ်ဖက်ကုမ္ပဏီများနှင့် ခိုင်မြဲစွာလက်တွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုမ္ပဏီအသစ်များနှင့်စာချုပ်အသစ်များချုပ်ဆို၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ ကြောင်း ပြောကြားခဲ့ပါသည်။

**Source : https://tass.ru/ekonomika/18203505**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2011072023%20%2020:%2042

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၉၉၇၆၉၈.၈၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၂၅၇၈၉၂.၄၃ ကန်ဒေါ်လာ တင်သွင်းမှု ရှိခဲ့ပါသည်။ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲတီစိမ်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၂၇၆၂၇.၇၇ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၆၇၀၀၇၁.၁၂ ဒေါ်လာ တင်ပို့မှုရှိခဲ့ ပါသည်။

သွင်းကုန်ပစ္စည်းများမှာ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓါတ်မြေသြဇာများ၊ ချည်ထည်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ ဓါတုဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၅၃၀၈၉၉.၃၇ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၂၆၉၉၃.၀၆ တင်သွင်းမှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့ထိ တစ်ဖက်နိုင်ငံ၊ တရုတ်ပြည်တွင် ဆန်မာ(၅၀) ကီလိုတစ်အိတ်လျှင် (၁၈၀)ယွမ်၊ ဆန်ပျော့(၅၀)ကီလိုတစ်အိတ်လျှင် (၁၆၀)ယွမ် ဈေးရှိပြီး၊ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာ ငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၄ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၀.၆၉ ကျပ် ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုဟိုဋ္ဌာန**

## ရန်ကုန်၌ ကွမ်းရွက်ဈေး ပြန်မြင့်တက်



ရန်ကုန်၌ ကွမ်းရွက်ဈေးနှုန်းမှာ တဖြည်းဖြည်းခြင်းမြင့်တက်လာရာမှ ယနေ့ (ဇူလိုင် ၁၁ ရက်)တွင် တစ်ပိဿာ ၁၂၀၀၀ ကျပ်အထိ ပေါက်ဈေးရှိနေကြောင်း သီရိမင်္ဂလာဈေး ကွမ်းရောင်းဝယ်သူများထံမှသိရသည်။ အရောင်းအဝယ်လည်း ပြန်လိုက်တယ်။ ရခိုင်ဘက်ကလည်းမှာတာများတယ်။ တဖြည်းဖြည်းနဲ့ တက်လာတာဟု သီရိမင်္ဂလာဈေးသစ်တွင် ကွမ်းရောင်းဝယ်ရေးလုပ်ကိုင်နေသူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ပွဲရုံအထိုင် ခြင်းပြတ် လက္ကားဈေးမှာ ဇူလိုင် ၁ ရက်တွင် ပန်းတနော် (ယာ) ရှယ်ထိပ်ဆ တစ်ပိဿာလျှင် ၉၅၀၀ ကျပ်၊ (ယာ)သင့် ၆၅၀၀ ကျပ်၊ ပယ်ကြီး ၅၀၀၀ ကျပ်၊ ထိုင်ဝမ် (ယာ)ရှယ်ထိပ်ဆ တစ်ပိဿာလျှင် ၇၅၀၀ ကျပ်၊ (ယာ)သင့် ၄၅၀၀ ကျပ်၊ (အလတ်) သင့် ၃၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ပြီး၊ ယနေ့ (ဇူလိုင် ၁၁ ရက်)တွင် ပန်းတနော် (ယာ)ရှယ်ထိပ်ဆ တစ်ပိဿာလျှင် ၁၂၀၀၀ ကျပ်၊ (ယာ)သင့် ၈၀၀၀ ကျပ်၊ ပယ်ကြီး ၆၅၀၀ ကျပ်တို့ဖြစ်ပြီး၊ ထိုင်ဝမ် (ယာ)ရှယ်ထိပ်ဆ ၁၁၀၀၀ ကျပ်၊ (ယာ)သင့် ၇၅၀၀ ကျပ်၊ (အလတ်)သင့် ၅၀၀၀ ကျပ် ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကွမ်းရွက်ဈေးပြန်တက်နေသော်လည်း ဈေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း၊ ဈေးကျရန် ရှိ၊ မရှိကိုမူ အတိအကျမပြောနိုင်သေးကြောင်း ကွမ်းရောင်းဝယ်သူများထံမှသိရသည်။ ကွမ်းဈေးတက်တာကြားတယ်။ လက်ရှိစားနေတဲ့ ဆိုင်ကတော့ အရင်အတိုင်းပဲရောင်းတယ်။ ကွမ်းယာမလျှော့ပေးသေးဘူး။ အဲဒီထက်ဈေးတက်လာရင်တော့ ဘယ်လိုလာမလဲ မသိဘူးဟု ကွမ်းယာစားသုံးသူ တစ်ဦးကပြောသည်။

သီရိမင်္ဂလာဈေး၌ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကွမ်းရွက်တစ်ပိဿာလျှင် ၆၀၀၀ ကျပ်မှ အများဆုံး ၈၀၀၀ ကျပ်အထိ ပေါက်ဈေးရှိသော်လည်း ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကွမ်းရွက်တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်အထိ စံချိန်တင်ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သီရိမင်္ဂလာဈေးကွမ်းရောင်းဝယ်သူများထံမှသိရသည်။

ရန်ကုန်မြို့အတွက် ကွမ်းရွက်များကို ဧရာဝတီတိုင်း ပန်းတနော်၊ ကျောင်းကုန်း၊ ညောင်တုန်းဘက်မှ အများဆုံးတင်သွင်းကြောင်း၊ သီရိမင်္ဂလာဈေး ကွမ်းရောင်းဝယ်သူများထံမှသိရသည်။

**Source:** https://t.me/sdtimedaily

## ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဓါတ်ဆီနှင့်ဒီဇယ်ဆီများ၏ တင်သွင်းခွန်များလျှော့ချ

ဓါတ်ဆီတင်သွင်းမှု အခြေခံကုန်ကျစရိတ် တစ်ဂါလံလျှင် ဗီယက်နမ်ဒေါင် ၃၀ သို့ တိုးမြှင့်ချိန်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက ဓါတ်ဆီတင်သွင်းခွန်ကို ၅.၆၂ % သို့ လျှော့ချကြောင်းကြေညာခဲ့သည်။ ယခုကဲ့သို့ တင်သွင်းခွန်နှင့်ပတ်သက်သည့် ပြောင်းလဲမှုများကို စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန(MOIT)သို့ တင်ပြခဲ့သည့် ဓါတ်ဆီအခြေခံဈေးနှုန်း တွက်ချက်မှုပုံသေနည်းများတွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ဓါတ်ဆီတင်သွင်းခွန်ကို ၅.၆၂ % လျှော့ချခဲ့ပြီး ဒီဇယ်ကို ၀.၉၈ % နှင့် အရည်အသွေးနိမ့်ဓါတ်ဆီကို ၁.၃၈ % အသီးသီးလျှော့ချခဲ့ပါသည်။ ရေနံဆီတင်သွင်းမှုကိုမူ ပြောင်းလဲခြင်းမရှိခဲ့ပေ။ အဆိုပါဖြတ်တောက်မှုများသည် ၂၀၂၃ ခုနှစ် ဒုတိယလေးလပတ်အတွင်း ဓါတ်ဆီကုန်သည်များမှ တင်သွင်းခဲ့သော ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့်အရည်အသွေးနိမ့်ဆီတို့ အချိုးပေါ်တွင် အခြေခံထားကြောင်းသိရှိရပါသည်။

ယခင်က ဓါတ်ဆီတင်သွင်းမှုကို ၁၀ % ကောက်ခံခဲ့သော်လည်း ယခုကဲ့သို့အခွန်လျှော့ချခြင်းသည် မကြာမီကာလအတွင်း ဓါတ်ဆီဈေးနှုန်းများကျဆင်းရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၂ ခုနှစ် စတုတ္ထလေးလပတ်မှ ယခုနှစ် ဒုတိယလေးလပတ်အထိ ရေနံဆီများတင်သွင်းခဲ့ခြင်းမရှိပေ။ ရေနံဆီရောင်းချမှု နည်းပါးခြင်းကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ MOIT သို့ ရေနံဆီဈေးနှုန်းများ ပြန်လည်သုံးသပ်ရန်နှင့် ရေနံဆီဈေးနှုန်းများကို စည်းမျဉ်းများ

အတိုင်း တွက်ချက်ရန် တောင်းဆိုခဲ့သည်။

ဓါတ်ဆီတင်သွင်းရာတွင် အချို့သောအခြေခံစံအဖြစ် သတ်မှတ်ထားသည့် စံနှုန်းအချိုးကို ပြောင်းလဲခဲ့သည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် Mazut ဆီ ကုန်ကျစရိတ် ၁ ကီလိုဂရမ် ၃၆၀ ဒေါင်အား ၁၈၄ သို့ လျှော့ချခဲ့ပြီး ဓါတ်ဆီ ၁ လီတာ ၁၀၈၀ ဒေါင်အား ၃၀ ဒေါင်တိုးမြှင့်ခဲ့ပြီးနှင့် ဒီဇယ် ၁ လီတာ ၁၀၃၀ ဒေါင်အား ၃၀ ဒေါင် အသီးသီး တိုးမြှင့်ခဲ့ကြောင်းသိရှိရပါသည်။

**Source : Vietnam +**

**(စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_110720230231

## ကမ္ဘာ့ဆန်ဈေးနှုန်းများ ပိုမိုမြင့်တက်လာ


အယ်နီညိုသည် ဆန်အဓိကထုတ်လုပ်သည့်နိုင်ငံများနှင့် အဓိကတင်ပို့သည့် နိုင်ငံများတွင် စပါးအထွက်နှုန်းကို ထိခိုက်နိုင်သဖြင့် စိုးရိမ်မကင်း ဖြစ်ကြသည်။ အရန်ဆန် ဖူလုံရေးအတွက် ယခုကတည်းက ဝယ်ယူတင်သွင်းနေကြသည်။

ဆန်အများဆုံးတင်ပို့သည့် အိန္ဒိယနိုင်ငံတွင် လယ်သမားများ ဝင်ငွေတိုးအောင် အစိုးရက စပါးဈေးနှုန်းများကို တိုးမြှင့်သတ်မှတ်ပေးထားသည်။ ထိုအကြောင်းတရားများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ပိုမိုမြင့်တက်လာသည်။ ၁၁ နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိနေသည်။ အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကျော်ကို တင်ပို့သည်။ ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၅၆ သန်း တင်ပို့ခဲ့သည်။ "အိန္ဒိယက ဈေးအသက်သာဆုံး ဆန်တင်ပို့သူဖြစ်ပါတယ်"ဟု ဆန်တင်ပို့သူများအသင်း Rice Exporters Association(REA) ဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားသည်။ "အစိုးရက အနိမ့်ဆုံးစပါးဈေးကို တိုးမြှင့်လိုက်တာကြောင့် ပို့ကုန်ဆန်ဈေး မြင့်တက်တယ်။ အိန္ဒိယဆန် ဈေးတက်တော့ တခြားနိုင်ငံတွေရဲ့ ဆန်တွေလည်း ဈေးတက်လို့ရသွားတယ်"ဟု ၎င်းကပြောကြားသည်။

ဆန်သည် လူပေါင်း ၃ ဘီလီယံကျော်အတွက် အဓိကအစားအစာဖြစ်သည်။ ကမ္ဘာ့ဆန်စိုက်ပျိုးမှု၏ ၉၀% ကို အာရှတွင် စိုက်ပျိုးသည်။ စိုက်ပျိုးသည့်အခါ ရေအများအပြားလိုအပ်သောကောက်နှံဖြစ်ပြီး အယ်နီညိုရာသီဥတုပုံစံသည် များသောအားဖြင့် မိုးရွာသွန်းမှုနည်းပါးသဖြင့် အာရှစပါးထုတ်လုပ်မှု ထိခိုက်နိုင်သည်။ အယ်နီညိုသက်ရောက်မှုသည် နိုင်ငံတစ်နိုင်တည်းကွက်ပြီး ဖြစ်ပွားခြင်းမဟုတ်ချေ။ စပါးစိုက်သည့် နိုင်ငံတိုင်းနီးပါးကို ထိခိုက်မည်ဖြစ်သည်။ သို့ဖြစ်ရာ စိုးရိမ်စရာဖြစ်နေသည်။

ရာသီဥတုဖြစ်စဉ်ကြောင့် ထုတ်လုပ်မှုကို အနှောက်အယှက် မဖြစ်စေမီတွင်ပင် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization FAO ၏ ကမ္ဘာ့ဆန်ဈေးနှုန်းညွှန်းကိန်းသည် ၁၁ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်နေပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံ ကမ္ဘာ့ထိပ်တန်း စပါးစိုက်ပျိုးထုတ်လုပ်သူ ခြောက်နိုင်ငံစလုံးတွင် စံချိန်တင်နီးပါး စပါးထွက်ရှိမည်ဟု အမေရိကန်စိုက်ပျိုးရေးဌာန U.S. Department of Agriculture (USDA) မှ ခန့်မှန်းထားသော်လည်း စိုးရိမ်မကင်းဖြစ်ခြင်းများ ဆက်ရှိနေဆဲဖြစ်သည်။

အိန္ဒိယအစိုးရက လယ်သမားများအား ရာသီသစ်အတွက် စပါးဈေးနှုန်း ၇% တိုးမြှင့်သတ်မှတ်လိုက်သည်။ ထိုအခါ အိန္ဒိယပို့ကုန် ဆန်ဈေးနှုန်းများသည် ငါးနှစ်အတွင်း အမြင့်ဆုံးသို့ ၉% ခုန်တက်သွားခဲ့သည်။ စပါးဈေးနှုန်း တိုးပေးလိုက်ခြင်းသည် ယခုနှစ် အိန္ဒိယပြည်နယ်ရွေးကောက်ပွဲနှင့် လာမည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် လယ်သမားများ၏ မဲကို ဆွဲဆောင်ရန်ရည်ရွယ်သည်။




ထိုင်းနှင့်ဗီယက်နမ်တို့တွင် ပို့ကုန်ဆန်ဈေးနှုန်းများသည် နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ မြင့်တက်ခဲ့သည်။


အာရှသီးနှံ အထွက်နှုန်း အားကောင်းမည်ဟု USDA မှ ခန့်မှန်းထားသော်လည်း အချို့သော ကမ္ဘာ့ကုန်သွယ်ရေးပွဲရုံများကမူ အယ်နီညိုသည် အဓိကဆန်ထုတ်လုပ်သည့် နိုင်ငံများအားလုံးတွင် အထွက်နှုန်းကို ကျဆင်းစေမည်ဟု မျှော်လင့်ထားကြသည်။

အယ်နီညိုကြောင့် အာရှနိုင်ငံ အားလုံးနီးပါးတွင် ဒုတိယစပါးသီးနှံရာသီတွင် အထွက်နှုန်းသည် ပုံမှန်ထက်နိမ့်ကျမည်ဟု ခန့်မှန်းထားကြသည်။ “ပြည်တွင်းစပါးက ဈေးကွက်ထဲအဝင်နည်းနေလို့ ဆန်ဈေးတွေတက်နေပြီ။ တကယ်လို့ ထုတ်လုပ်မှု ကျဆင်းခဲ့ရင် ဈေးနှုန်းတွေထပ်တက်လိမ့်မယ်”ဟု အိန္ဒိယမှ ဆန်ပို့ကုန် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ အထွက်နှုန်း သိသိသာသာ ကျဆင်းသွားပါက ကမ္ဘာ့ဆန်ဈေးနှုန်းများသည် ငါးပုံတစ်ပုံ သို့မဟုတ် ထို့ထက်ပို၍ မြင့်တက်လာနိုင်သည်။

ကမ္ဘာ့ဆန်လက်ကျန်ပမာဏသည် ၂၀၂၃/၂၄ ဘဏ္ဍာနှစ်ကုန်တွင် ခြောက်နှစ်တာအတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားဖွယ် ရှိသည်။ တန်ချိန် ၁၇၀.၂ သန်းရှိမည်ဟု ခန့်မှန်းထားသည်။ မေလ မိုးရေချိန် ပုံမှန်အောက် ၂၆ ရာခိုင်နှုန်း ကျဆင်းပြီးနောက် ဒုတိယအများဆုံးတင်ပို့သည့် ထိုင်းနိုင်ငံက တောင်သူလယ်သမားများအနေဖြင့် စပါးကို တစ်သီးစားတစ်ကြိမ်သာစိုက်ပျိုးရန် တိုက်တွန်းထားသည်။

**India's lion's share**

India is estimated to account for over 40% of the global rice exports in 2023; the chart shows the 10 countries with the highest estimated rice export share for this year.




Source: USDA | Reuters, July 5, 2023 | By Sumanta Sen

အိန္ဒိယနိုင်ငံတွင် နွေစပါးစိုက်ပျိုးခဲ့ရာ၌ မိုးနည်းခဲ့သဖြင့် စိုက်ပျိုးသည့်ဧရိယာ ၂၆% ယမန်နှစ်ထက် လျော့နည်းခဲ့သည်။ ဒုတိယစပါးသီးနှံရာသီကို နိုဝင်ဘာလတွင် စိုက်ပျိုးမည်ဖြစ်သည်။ စပါးအထွက်နှုန်း အမြင့်ဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ ရာသီဥတုသည် ရာသီအစောပိုင်း သီးနှံအတွက် အဆင်မပြေခဲ့ပါ။ သို့သော် ပြည်တွင်း ဆန်လက်ကျန် များပြားသဖြင့် ဖူလုံမည် ဖြစ်သည်။

အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းမြင့်တက်သည်ကို ထိန်းရန် အိန္ဒိယအစိုးရသည် ပြည်ပတင်ပို့မှုကို ကန့်သတ်ထားမြစ်လေ့ရှိသည်။ ဆန်ဖြူနှင့်ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်သည်။ ပေါင်းဆန်တင်ပို့မှုအပေါ် ပို့ကုန်ခွန် တိုးမြှင့်စည်းကြပ်သည်။ ကမ္ဘာ့ဆန်ဈေး မြင့်တက်သည့်အခါ မြန်မာ၊ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်တို့က တင်ပို့မှု မက်ထရစ်တန်ချိန် ၃ သန်းမှ ၄ သန်းအထိ မြှင့်တင်နိုင်သည်ဟု ကုန်သည်များက ခန့်မှန်းထားသည်။

ကမ္ဘာ့ဆန်ဈေး မြင့်တက်ခြင်းသည် အရန်ဆန်အတွက် ဆန်တင်သွင်းရသည့် နိုင်ငံများ အခက်တွေ့စေသည်။ ဈေးကြီးလာလျှင် မတတ်နိုင်သဖြင့် အဝယ်ရပ်ထားရသည့် အာဖရိကနိုင်ငံများ ဆန်ဝယ်ယူတင်သွင်းမှု လက်နှေးသွားသည်။

ယခုအခါ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့ကဲ့သို့သော အာရှဝယ်လက်များသည် အရန်ဆန်သိုလှောင်မှုဖြည့်တင်းရန် ဝယ်နေကျဗီယက်နမ်ဆန် ဝယ်ယူမှုများတိုးလာခဲ့သည်။ အိန္ဒိယဆန် ဝယ်လေ့ဝယ်ထမရှိသော အင်ဒိုနီးရှားသည် လိုအပ်လာပါက ဝယ်ယူရန် ဆန်တန်ချိန် ၁ သန်း သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ အင်ဒိုနီးရှားသည် ထိုင်း၊ ဗီယက်နမ်နှင့်မြန်မာတို့ထံမှသာ ဝယ်လေ့ဝယ်ထရှိသည်။

ယခင်က ဆန်သည်ဝယ်လက်တို့ အသာစီးရခဲ့သည်။ အယ်နီညိုစိုးရိမ်မှုများကြောင့် ယခုအခါ ရောင်းသူတို့ အထက်စီးရနေသည်။

Source: Reuters

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6488-rice.html

# STOCK EXCHANGE (12.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Jul. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,818 (Shares) | 46,203,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 746 | 6,034,400 | 33,109,694 | 268,189 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 680 | 1,938,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 3,033 | 4,600,150 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 1,005 | 2,362,250 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | -200 | -4.00% | 4,800 | 4,800 | 4,800 | 277 | 1,329,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 17,077 | 29,938,600 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.23 | -0.33 | -0.09% | 353.11 | 356.29 | 353.11 | 22,818 | 46,203,000 | 8 | 671,922 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 32,818 (Shares) | 63,703,000 (MMK) |

## Main Board

As of 1:00 pm, 12th Jul. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,818 (Shares) | 63,703,000 (MMK) |

| MYANPIX | 356.23 ▼ 0.33 |
|---|---|
| Total Volume (shares) | 22,818 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,922 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 200 |
| MAEX | 00008 | 1,800 | ▲ 0 |